ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ (5-1-2008) (၅၅၅၃)

ထူးခြားသည့် ညအပူချိန်များ

၄-၁-၂၀၀၈

ဟားခါး	(-၃)	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	(၀)	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	(၃)	ဒီဂရီစင်တီဂရိတ်

လွတ်လပ်ရေးကို မြတ်နိုးသောစိတ်ဓာတ် ဆက်လက်ရှင်သန်စေရန် ဆောင်ရွက်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ မြန်မာနိုင်ငံသားတို့၏ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓာတ်သာမက လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သော စိတ်ဓာတ်တို့မှာ ခိုင်မာထင်ရှားခဲ့ပြီးဖြစ်ပါသည်။ ထိုစိတ်ဓာတ်တို့သည် နောင်အစဉ် ဖွံ့ဖြိုးပြီး သားစဉ်မြေးဆက် တည်တံ့၍ ဆက်လက် ရှင်သန်နိုင်စေရန်အတွက် ကျွန်ုပ်တို့က အားထုတ်ဆောင်ရွက်ပေးကြရမည့်တာဝန်လည်း ရှိပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၆၀)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင်နာယက ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry အမှူးပြုသော သံတမန်များနှင့် ၎င်းတို့၏ခင်ပွန်းနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနား ကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမသို့ ညနေ ၆နာရီခွဲတွင်ရောက်ရှိလာပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင်နာယက

စာမျက်နှာ ၈ ကော်လံ ၃ သို့ ☆

နိုင်ငံတော် ပြိုကွဲရေး မပြိုကွဲရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၅-၁-၂၀၀၈
(စနေနေ့)

အမျိုးသားရေးပန်းတိုင် ရေးရှုချီတက် တိုင်းရင်းသားအားလုံး လက်တွဲပါဝင်ဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာခဲ့သည်မှာ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ်(၆၀)ပြည့် မြောက်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာတွင် **ကိုယ့်အမျိုးသားရေး ဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်ကို ပိုင်ဆိုင်သူများဖြစ်ကြသည်နှင့်အညီ တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့သည် အသက်သွေးချွေးတို့ကို အရင်းတည်လျက် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ကြသဖြင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။ မျက်မှောက်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်အဖြစ် တညီတညွတ်တည်း ခံယူသတ်မှတ်ပြီး ရှေးရှုဆောင်ရွက် ချီတက်လျက်ရှိပေသည်** ဟူ၍ ဖော်ပြပါရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညီ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီး ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့သည်။ ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို စတင်ရေးဆွဲနေပြီ ဖြစ်သည်။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဓိကလိုအပ်ချက်များဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားများ တောင့်တင်းခိုင်မာလာစေရန် ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

ယင်းသို့ အဘက်ဘက်မှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နိုင်မှုများနှင့်အတူ နိုင်ငံတစ်ဝန်းတွင် ငြိမ်းချမ်းသာယာမှုများ လွှမ်းခြုံပြီး ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်စည်ပင်မှု ရလဒ်ကောင်းများ ဖြစ်တည်ထွန်းကားနေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ပြီး နိုင်ငံတော်သစ်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနိုင်ပြီဖြစ်သည်။ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် ရှေးရှုချီတက်လျက်ရှိချိန်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်အသိစိတ်ဖြင့် လက်တွဲညီညီ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု မကွေးမြို့နယ် အေးမြသာယာကျေးရွာ၌ စက်ရေတွင်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၄

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် နှစ်လက်မ အလှူရှင် စက်ရေတွင်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် မကွေးမြို့နယ် အေးမြသာယာကျေးရွာ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်းတင်ပြပြီး စက်ရေတွင်းသစ်ကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်နှင့် စက်ရေတွင်းအလှူရှင်၏ ကိုယ်စားလှယ် ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

အဆိုပါနှစ်လက်မ စက်ရေတွင်းသစ်ကို ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရန်ကုန်မြို့ ဖိုးစိန်လမ်း အမှတ်-၂၇၊ ဘီနေ ဦးသိန်းညွန့်၊ ဒေါ်မြကြည်မိသားစု လှူဒါန်းငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စက်ရေတွင်း၊ ရေစက်အင်ဂျင်၊ ရေစက်ရုံ၊ ဂါလန် ၄၀၀ ဆံ့ အုတ်ရေကန် အပါအဝင် ကုန်ကျငွေကျပ် ၁၈၀၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာငါးရွာတွင် စက်ရေတွင်းငါးတွင်း တူးဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာခြောက်ရွာ၏ ခြောက်လက်မစက်ရေတွင်း ခြောက်တွင်းအား တွင်းဆေးပြုပြင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်/စည်ပင်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သည့် နှစ်လက်မ အလှူရှင် စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။
(မြို့နယ်စည်/ပင်)

ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်(ငြိမ်း) (၁၀)နှစ်ပြည့်အားရည်စူး၍ ဗဟန်းမြို့နယ် ငွေဝတ်မှုံရပ်ကွက် ရွှေတောင်ကြားရိပ်သာ(၁)လမ်းနေ ဇနီးသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းနှင့် သား၊ သမီး၊ မြေးတစ်စုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင်အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နေပြည်တော်ပျဉ်းမနား ပညာရေးစုံညီပွဲတော် တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၄

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ပျဉ်းမနား အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည့် နေပြည်တော်ပျဉ်းမနား ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံပညာ ထူးချွန်ဆု ချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အုပ်ထိန်းသူမိဘပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ပျဉ်းမနား အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံဆင်နွဲ ဆုနှင်းပွဲ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြို့နယ်ပညာရေးမှူး ဦးလှထူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဘက်စုံပညာ ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဖက်သောင်ရွာ ဆရာတော် ဦးကဝိန္ဒာစာရ၊ သုခိတာရာမ ဆရာတော် ဦးမာဃိန္ဒ အမှူးထားပြီး ဖခင် ဦးမောင်ချစ်-မိခင်ဒေါ်အေးကျင်တို့အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနေ ဦးပင့်ရင်-ဒေါ်ကျင်ခတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တ ကောသရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန)တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် စာပေဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၄

နှင်းဆီကုန်းဘိုးဘွားရိပ်သာ တည်ထောင်သည့် (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၂ရက်(စနေနေ့)နံနက် ၁၁ နာရီခွဲတွင် ဗဟန်းမြို့နယ် အမှတ် (၂၁) ကမ္ဘာအေးစေတီလမ်း နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် အမျိုးသားစာပေဆုရစာရေးဆရာ၊ကဗျာဆရာ၊ သတင်းစာဆရာကြီး ဒေါက်တာ ထိလာစစ်သူ၊ အမျိုးသားစာပေဆုရစာရေးဆရာကြီး တက္ကသိုလ်စိန်တင်နှင့် အမျိုးသား စာပေဆုရ စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) တို့က ဟောပြောကြမည်ဖြစ်သည်။

တက်ရောက်လိုသူများသည် ဖုန်း-၅၄၁၇၉၆၊ ၅၄၁၇၉၇သို့ သတင်းပို့ပါရန် နှိုးဆော်ထားကြောင်းသိရသည်။(ကြေးမုံ)

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံပညာ ထူးချွန်ဆုချီးမြှင့်ပွဲတွင် ဘက်စုံပညာ ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဘိဓမ္မာ(အထူး)သင်တန်း

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ နာယက သကျသီဟဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာဝိဇ္ဇာဦးအုံ့မောင်က အဘိဓမ္မာ(အထူး) သင်တန်းကို ဇန်နဝါရီ ၉ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ညနေ၄နာရီမှ၆နာရီအထိ ဆူးလေစေတီတော်ရင်ပြင်တော်ပေါ်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး သင်တန်းခန်းမ၌ ဓမ္မဒါနသင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ချမ်းအေးသာစံမြို့နယ်တွင် တရားဓမ္မသဘင် ကျင်းပ

ဆရာတော် ဓမ္မဓရ အရှင် ကုမာရ တရားပွဲ၌ အလှူငွေ လှူဒါန်းစဉ်။

မန္တလေး ဇန်နဝါရီ ၄

မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကကြီးမှူး၍ စိတ္တရမဟီရပ်ကွက် ဆုတောင်းရ မြတ်စွာဘုရားဝင်းအတွင်း ၌ ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီတွင် တရားဓမ္မသဘင်ကျင်းပရာ ဆရာတော် ဓမ္မဓရ အရှင်ကုမာရက ဗုဒ္ဓဟောကြား ကံကောင်းခြင်းအထူးတရားကို ဟော ကြားရာတွင် တရားပွဲသို့ အသင်းဝင် အင်အား ၂၀၀၊ ရပ်ကွက်ပြည်သူလူထု ပရိသတ် ၃၀၀ စုစုပေါင်း တရားနာ ပရိသတ် ၅၀၀ တရားနာကြောင်း သိရှိ ရသည်။

ဆက်လက်၍ ဇန်နဝါရီ ၆ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ဟေမာဇလရပ်ကွက် ဆုတောင်းပြည့် မြတ်စွာဘုရားဝင်းအတွင်းရှိ ရွှေကျောင်း တော် ဓမ္မာရုံကြီး၌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ဆရာတော် အရှင်ကုမာရက တရားဟောကြားမည် ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ပြည်ကြီးမာန်အောင်ဓမ္မာရုံ၌ တရားပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၄

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် သင်ပန်းကုန်း ရပ်ကွက်ရှိ ပြည်ကြီးမာန်အောင်ဓမ္မာရုံ ၌ တရားပွဲကျင်းပရာ ပြည်ကြီး တံခွန်မြို့နယ် သံဃနာယကအဖွဲ့ အတွင်းရေးမှူး၊ မန္တလေးတိုင်း သံဃာ့ ဝန်ဆောင် မြို့နယ် သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဓမ္မကထိက သဒ္ဓမ္မ ဇောတိကဓဇ ဆရာ တော်ဦးဩဘာသပဏ္ဍိတက ကုလသုတ္တနိ ဒေသနာ တရားတော် ဟောကြားရာ တရားနာပရိသတ် ၄၀၀ ခန့်ရှိပြီး စုစုပေါင်း အလှူငွေကျပ် ၈၆၃၀၀ အလှူခံ ရရှိကြောင်းသိရှိရသည်။

(သတင်းစဉ်)

ပြည်ကြီးမာန်အောင်ဓမ္မာရုံ၌ ဦးဩဘာသပဏ္ဍိတထံ အလှူငွေဆက်ကပ်စဉ်။

တံခွန်တိုင် ရပ်ကွက်၌ ဓမ္မသဘင်ကျင်းပ

မန္တလေး ဇန်နဝါရီ ၄

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ ယနေ့ည ၆ နာရီခွဲ တွင် တံခွန်တိုင်ရပ်ကွက် သဒ္ဓမ္မပါလ ဓမ္မာရုံ၌ တရားပွဲ ဓမ္မသဘင်ကျင်းပ ရာ မိုးထိအောင်စည် သာသနာ့ရိပ်သာမှ ဆရာတော် ဦးလာဘဝန္တ (ဓမ္မကထိက) က တရားဟောကြား ချီးမြှင့်ပေးရာ တရားနာပရိသတ် ၃၀၀ ကျော် တရား နာယူကြပြီး အလှူငွေ စုစုပေါင်း ငွေကျပ် တစ်သိန်းငါးသောင်း အလှူခံရရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမြတ်ဆုံးတရားလေးပါးတရားတော် ဟောကြား

မန္တလေး ဇန်နဝါရီ ၄

မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းက ကြီးမှူး၍ ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီတွင် သံလျက်မော် အနောက်ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးရှေ့တွင် တရား ပွဲကျင်းပရာ မဟာမြိုင်ကျောင်းတိုက် အောင်မေတ္တာကျောင်း ဆရာတော် အရှင် ရာဇိန္ဒ (သာသနာ့ဗဇဓမ္မာစရိယ စာချနယ်လှည့် ဓမ္မကထိက) က အမြတ်ဆုံး တရားလေးပါးတရားတော်အား ဟောကြားချီးမြှင့်ပေးရာ ရပ်ကွက်နေ ပြည်သူလူထု အဘိုး၊ အဘွားများ၊ အသင်းဝင်များ စုစုပေါင်း တရားနာပရိသတ် ၅၀၀ ခန့် လာရောက် တရားနာယူကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လွတ်လပ်ရေးစိတ်ဓာတ်

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ
အစဉ်သာခိုင်မြဲရေး၊ သမိုင်းပေးကို
မနေးဝန်တာ၊ ထမ်းဆောင်ရာတွင်
ပြည်ရွာထောင်ပြု၊ ပြည်ထောင်စု၏
အားပြုပြင်းထန်၊ မျိုးချစ်မာန်နှင့်
ရှင်သန်တက်ကြွ၊ ညီညွတ်ကြပြီး
ထင်စွအားသန်၊ မျိုးသားဟန်လည်း
စဉ်မြဲတိုးပွား၊ လူ့စွမ်းအားပါ
ထင်ရှားတိုးတက်၊ ရှေ့ဆက်ဆက်ဝယ်
တွယ်ယှက်လက်များ၊ ဆုပ်ကိုင်ထား၍
အားသွန်ခွန်စိုက်၊ မငိုက်မစောင်း
ထောင်းထောင်းမတ်မတ်၊ ရင်ချင်းအပ်၍
ပေးဆပ်မှုသာ၊ ကိုယ့်ပြည်ရွာသည်
စဉ်သာရေရှည်၊ ကမ္ဘာတည်ထိ
မြဲမည်လွတ်လပ်ရေးပင်တည်း။ ။

[နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်]

မောင်လှသိန်း(သတ္တုတွင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

စိတ်၏ကျေးကျွန်နှင့် စိတ်၏သခင်

လူသားတို့ နေ့စဉ်ပြုလုပ်နေကြသည့် အကြောင်းကိစ္စနှစ်ခုမှာ စိတ်၏ခိုင်းစေရာကို ပြုလုပ်ခြင်း နှင့် စိတ်ကိုခိုင်းစေခြင်းတို့ဖြစ်သည်။

စိတ်၏ကျေးကျွန်တို့သည် ပညာနည်းသူများဖြစ်ပြီး စိတ်အလိုလိုက်လုပ်လေ့ရှိကာ ကိုယ်ကျင့်သီလလည်း မစောင့်ထိန်း၊ ပညာလည်းမရှာ၊ ရရှိထားသော ဥစ္စာကိုလည်း သုံးဖြုန်း ကြသူများဖြစ်သည်။ ၎င်းတို့သည် လောကီ၊ လောကုတ္တရာအကျိုး ဘာတစ်ခုမျှမရကြဘဲ ဒုက္ခဆင်းရဲတွင်းသို့ သက်ဆင်းကြရမည်ဖြစ်သည်။

စိတ်၏သခင်တို့သည် ပညာရှိသူများဖြစ်ပြီး စိတ်ကို အလိုမလိုက်၊ စိတ်ကို ထိန်းချုပ် ပဲ့ကိုင်ကာ ပညာရှာချိန် ပညာရှာ၊ ဥစ္စာရှာချိန် ဥစ္စာရှာကြသူများဖြစ်သည်။ ၎င်းတို့သည် လူ့လောကကောင်းကျိုးအတွက် ကောင်းမှုမှန်သမျှကို လုပ်တတ်ကြသူများဖြစ်သောကြောင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးအမြတ်များကို ရရှိကြ၍ ကောင်းသောသုခကို ခံစားကြရမည်ဖြစ်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၅ ၄။ ကျန်းမာသုတ
- ၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မြူနှင်းဝေဝေ သရုပ်ဆောင်-စိုးသူ၊ မေသန်းနု ထွန်းအိန္ဒြာဗို**
- ၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒီလိုင်းနှင့်အတူ (အပိုင်း-၆)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူရွှင်တော်ရွှေဖလား
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **English FA Cup ဘောလုံးပွဲ -Aston Villa Vs Manchester United. (Live)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

(၄)ကြိမ်မြောက် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းသူများအားကစားပြိုင်ပွဲ ရန်ပုံငွေဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကျင်းပမည့် (၄)ကြိမ်မြောက် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲရန်ပုံငွေ ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်မည်

အဆိုပါမသန်စွမ်းသူများ အားကစား ပြိုင်ပွဲရန်ပုံငွေ ချစ်ကြည်ရေးဘောလုံး ပြိုင်ပွဲ စတင်ကျင်းပမည့်နေ့ မွန်းတည့် ၁၂ နာရီမှစတင်၍ ရုပ်ရှင်သရုပ်ဆောင် မင်းသားမင်းသမီးများ၏ ဖျော်ဖြေ တင်ဆက်မှုများနှင့် ဟာသသရုပ် ဆောင်များ၏ ဖျော်ဖြေတင်ဆက်မှုများ ဖြင့် ပရိသတ်များအား ကြိုတင်ဧည့်ခံ မည်ဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးမှ ရုပ်ရှင်သရုပ်ဆောင် (အမျိုးသား)ဘောလုံးအသင်းနှင့် မြန်မာ့ လက်ရွေးစင် (အမျိုးသမီး)ဘောလုံး အသင်းတို့ ချစ်ကြည်ရေးဘောလုံး ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ဘောလုံးပွဲဝင်ကြေး လက်မှတ်များကို အထူးတန်းပွဲကြည့်စင်အတွက် ကျပ် ၃၅၀၀ နှင့် ရိုးရိုးတန်းပွဲကြည့်စင်အတွက် ကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေး မည်ဖြစ်ရာ မြန်မာနိုင်ငံ ရုပ်ရှင် အစည်း အရုံး ဖုန်း-၅၄၄၂၇၀၊ အောင်ဆန်းကွင်း အထူးတန်းလက်မှတ် ပေါက်၊ ယုဇန ပလာဇာ စူပါပါဝါ ဖုန်း-၂၀၀၇၄၇၊ လိုင်းခွဲ-၁၂၅၆၊ ၃၅လမ်း အထက် ပြည့်ဖြိုးမြတ် ဗီဒီယိုထုတ်လုပ်ရေး ဖုန်း- ၃၇၈၅၈၆ နှင့် ရန်ကုန်တိုင်း မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့များတွင် ဝယ်ယူရရှိ နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တင့်လှပေဟန်အငြိမ့် ကပြဖျော်ဖြေ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တင့်လှပေဟန် အငြိမ့်အဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ယနေ့ည ၇ နာရီခွဲတွင် နေပြည် တော် ဘော်လီဘောအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရှေးဦးစွာ (၁၅)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရှာစားယဉ်ကျေးမှု စိုးတင့်လွင်ဆိုင်းအဖွဲ့က ပဏာမဧည့်ခံဂီတသံဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် တင့်လှပေဟန် အငြိမ့်အဖွဲ့သားများက ပွဲဦးအလင်္ကာယိမ်း အက၊ မြူးကြွလှပ မင်းသားအက၊ ဘယ်ပန်းသာလိုယဉ် ယိမ်းအက၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအက၊ ပန်းဥယျာဉ်နှင့် ဆိုကြကကြမယ် ယိမ်းအက၊ တေးရေးရန်နိုင်ဦး ရေးသားသီကုံးသော နေပြည်တော်ကစောင့်နေမယ် ခေတ်ဆန်း မြိုင်ထသီချင်းဖြင့် မြိုင်ထအကများ၊ တေးသံသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တင့်လှပေဟန်အငြိမ့်အဖွဲ့၏ ရှေ့ထွက်မင်းသမီး ဆောင်းနှင်း ဝေဝေက ယဉ်ကျေးမှု စိုးတင့်လွင်ရေးသားသီကုံးသော "မြန်မာတို့၏ မီးရှူး တန်ဆောင်" သီချင်း၊ အလယ်ထွက် မင်းသမီး မြင့်မြင့်ခိုင်က ယဉ်ကျေးမှု စိုးတင့်လွင်ရေးစပ်သီကုံးသော "မြန်မာတို့၏ မီးရှူးတန်ဆောင်"သီချင်း၊ (၁၅)ကြိမ် မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဝါသနာရှင် (ပထမတန်း) အဆင့် အကပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ခေါင်းဆောင်မင်းသမီး ဇာနည်အောင်က တက္ကသိုလ်မြတ်လင်း(ယဉ်ကျေးမှု) ရေးသားသီကုံးသော "သမိုင်းတစ်ခေတ်၏ ရွှေမြန်မာ" သီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေ၍ လည်း ကောင်း၊ လူရွှင်တော် ကုလားမ၊ လမုန့်၊ လပြည့်နှင့် စာကလေးတို့က စိတ်ချမ်း မြေ့ ပျော်ရွှင်ရယ်မောရသော ဟာသပြက်လုံးများဖြင့်လည်းကောင်း၊ ရွှေပွဲလာ ဧည့်ပရိသတ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အငြိမ့်ဝါသနာရှင် ပြည်သူများအား ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များက နှစ်သက်အားပေး ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၁/၂၀၀၈
၁၃၆၉ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက်
(၂၀၀၈ခုနှစ် ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်–

(ယမန်နေ့မှအဆက်)

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏ၊ တောင်မော့သာသနာပြုဌာန၊ ကုန်းသာကျေးရွာ၊ လှိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တဝိလာသ၊ ငါးကြီးကွေ့ကျောင်းတိုက်၊ ဆွာမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း

၃။ ဘဒ္ဒန္တသာသနာဘိဝံသ၊ရွှေဝါဝင်းကျောင်း၊မြတောင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၄။ ဘဒ္ဒန္တကောဝိဒ၊ ပါဠိတက္ကသိုလ်၊ ရေလယ်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း

၅။ ဘဒ္ဒန္တဝါသဝ၊ မြကျွင်နာယကကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၆။ ဘဒ္ဒန္တပဏ္ဍိတ၊ မဟာဘုံစံကျောင်း၊ အောင်မြေချမ်းသာရကျောင်းတိုက်၊ ကနိကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုမာရ၊ ကမမောင်းဗဟိုသာသနာပြုဌာန၊ ကမမောင်းမြို့၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တဇောတာလင်္ကာရ၊ တောင်ပေါ်ကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ကသာမြို့၊ စစ်ကိုင်းတိုင်း

၃။ ဘဒ္ဒန္တသောမပိယာဘိဝံသ၊ သိမ်တော်ကျောင်းတိုက်၊ သာယာပေါင်းကျေးရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း

၄။ ဘဒ္ဒန္တကေသရ၊ သုခကာရီကျောင်း၊ အမှတ်(၂)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း

၅။ ဘဒ္ဒန္တဂန္ဓမာ၊ ဓမ္မဇေယျပရဟိတဂေဟာ(ကျား) ကျောင်း၊ ပဝကျေးရွာ၊ တနင်္သာရီမြို့နယ်၊ တနင်္သာရီတိုင်း

၆။ ဘဒ္ဒန္တသုမန၊ ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက်၊ မဒေါက်မြို့နယ်၊ ပဲခူးတိုင်း

၇။ ဘဒ္ဒန္တနန္ဒဝံသ၊ မင်္ဂလာရာမဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း၊ အလင်းရောင် (၁)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း

၈။ ဘဒ္ဒန္တဝိဇယ၊ ဇမ္ဗူအေးတောရကျောင်းတိုက်၊ ပြွန်တန်ဆာမြို့သစ်ရပ်ကွက်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း

၉။ ဘဒ္ဒန္တလက္ခဏ၊ သာသနရက္ခိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ အေးမြသာယာစံပြမြို့သစ်၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)

၁၀။ ဘဒ္ဒန္တစန္ဒိမာ၊ ဆုတောင်းပြည့်ကျောင်း၊ ဓနိဖြူကောင်းကျေးရွာ၊ သံဘိုကြီးကျေးရွာအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်း

၁၁။ ဘဒ္ဒန္တဇောတိက၊ ဆိပ်ဖူးတောင်တောရကျောင်းတိုက်၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

၁၂။ ဘဒ္ဒန္တသုမန၊ စံမိုတော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ တောရွာကျေးရွာ၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း

၁၃။ ဘဒ္ဒန္တဝေပုလ္လ၊ညောင်ပင်သာကျောင်းတိုက်၊ တောင်အင်းကျေးရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်း

၁၄။ ဘဒ္ဒန္တတေဇဝန္တ၊ ထန်းငယ်တော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ အမှတ်(၁) ရပ်ကွက်၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း

၁၅။ ဘဒ္ဒန္တပညာသာရ၊ မဟာဓမ္မပါလကျောင်း၊ နန်းဦးကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၁၆။ ဘဒ္ဒန္တနာယက၊ ဖောင်တော်ဦးကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၁၇။ ဘဒ္ဒန္တဥတ္တမ၊ ဖွဲ့စုံသာသနာရာမကျောင်းတိုက်၊ အမှတ်(၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၈။ ဘဒ္ဒန္တကောဝိဒ၊ ရတနာမာန်အောင်ကျောင်းတိုက်၊ ဘုရားကြီးကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်း

၁၉။ ဘဒ္ဒန္တအဂ္ဂဝံသ၊ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း

၂၀။ ဘဒ္ဒန္တကုသလ၊ မနော်ဟရီကျောင်းတိုက်၊ လှည်းဆိပ်စံပြကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်း

၂၁။ ဘဒ္ဒန္တအရိယဝံသ၊ ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း

၂၂။ ဘဒ္ဒန္တဝါသဝ၊ ရေတော်ကျောင်းတိုက်၊ ပန်းတိမ်တောင်ရပ်၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

၂၃။ ဘဒ္ဒန္တသီဟဗလ၊ ၃၁–ဘုံ စေတီကုန်း ဗဟိုသာသနာပြုကျောင်းတိုက်၊ ဟိုပန်မြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

၂၄။ ဘဒ္ဒန္တဝဏ္ဏာဓဇ၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

၂၅။ ဘဒ္ဒန္တသောဘိတ၊ မင်္ဂလာမွေတော်ကျောင်းတိုက်၊ ပင်လုံမြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်

၂၆။ ဘဒ္ဒန္တစန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လပင်နွဲ့ရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၂၇။ ဘဒ္ဒန္တဥတ္တမာစာရ၊ သာသနာလင်္ကာရ ကျောင်းကြီးတိုက်၊ အမှတ်(၁) ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း

၂၈။ ဘဒ္ဒန္တစန္ဒောဘာသ၊ သာသနာ့ဟိတကာရီစာသင်တိုက်၊ သံကြိုးတိုင်ရပ်ကွက်၊ ဝါးခယ်မမြို့၊ ဧရာဝတီတိုင်း

၂၉။ ဘဒ္ဒန္တအရိယဝံသ၊ အောင်ဗောဓိဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘုရားချောင်းကျေးရွာ၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်း

၃၀။ ဘဒ္ဒန္တမဥ္ဇူသာရ၊ ရတနာမဥ္ဇူကျောင်းတိုက်၊ ရပ်ဆိုင်ကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်း

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၃၁။ Most Ven. Achariya Bhikkhu Karuna Shastri-MAHA BODHI VIHAR, Jyoti Nagar, Dibrugarh 786001 Assam, India၊ အိန္ဒိယနိုင်ငံ

၃၂။ ဘဒ္ဒန္တဝဏ္ဏာဓဇ၊ မိဂဒါဝုန်မြန်မာကျောင်းတိုက်၊ ဗာရာဏသီမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ

၃၃။ ဘဒ္ဒန္တဓမ္မသက Wat Bovoranives Vihura, 248 phrs Surmen Road, Bangkok 10200 ထိုင်းနိုင်ငံ

၃၄။ ဘဒ္ဒန္တဓမ္မဃောသစရိယ Prayurawon Gsouoas ကျောင်းတိုက်၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဇနိန္ဒာဓိပတိ၊ ကန်(၇)ဆင့်၊ ဒေါတကူးသာသနာပြုဌာန၊ ဒီမောဆိုးမြို့နယ်၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တသဇ္ဇနာဘိဝံသ၊ လောထောတနော ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ ဖရူးဆိုမြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တသုမန၊ ပုပ္ပားကျောင်းတိုက်၊ ဖိုလ်ဝင်တောင်၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း၊

၄။ ဘဒ္ဒန္တဉာဏိန္ဒ၊ ကျောင်းကြီးတိုက် အနောက်ကျောင်း၊ ကျောင်းတိုက်ကျေးရွာ၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း

၅။ ဘဒ္ဒန္တတေဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နန်းယွန်းမြို့၊ စစ်ကိုင်းတိုင်း

၆။ ဘဒ္ဒန္တပညာဝံသ၊ ဝေဒီကျောင်းသစ်၊ ဝေဒီကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း

၇။ ဘဒ္ဒန္တစန္ဒသိရီ၊ ဇေယျာသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရွှေပေးကျေးရွာ၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၈။ ဘဒ္ဒန္တသောဘန၊ ပိန်းတောကျောင်းကြီး၊ ပိန်းတောကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း

၉။ ဘဒ္ဒန္တကောသလ္လ၊ သာသနာလင်္ကာရ ဘ/ကကျောင်း၊ ခမွန်ကံကြီးစံပြကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်း

၁၀။ ဘဒ္ဒန္တသုဇန၊ရေရှင်ကျောင်းတိုက်၊ ရေရှင်ကျေးရွာ၊ ဆောမြို့နယ်၊ မကွေးတိုင်း

၁၁။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ သဲဖြူသာသနာပြုကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဆီမီးထွန်းကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်း

၁၂။ ဘဒ္ဒန္တပညာဝံသ၊ တိလောကာရာမကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း

၁၃။ ဘဒ္ဒန္တနန္ဒ၊ မြေဖြူကုန်းကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြေဖြူကုန်းကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း

၁၄။ ဘဒ္ဒန္တဟေလာနန္ဒ၊ သီရိမင်္ဂလာမင်းကျောင်း၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း

၁၅။ ဘဒ္ဒန္တပဏ္ဍိတ၊ ရွှေဂူချောင်ကျောင်းတိုက်၊ ပုပ္ပားတောင်ကလပ်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း

၁၆။ ဘဒ္ဒန္တဓမ္မာသာမိ၊ ရွှေမန်းအုဋ္ဌကျောင်းဘုန်းတော်ကြီးသင်ပညာရေး အလက (တွဲဖက်)၊ ပင်လယ်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၁၇။ ဘဒ္ဒန္တအာစိဏ္ဏ၊ မဟာသောဘိတာရာမတောရကျောင်းတိုက်၊ ဒေါင့်ဘိုးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း

၁၈။ ဘဒ္ဒန္တဇဋိလ၊ ဝမ်းသာရွှေကျောင်း၊ ဝမ်းသာကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း

၁၉။ ဘဒ္ဒန္တသုစိတ္တ၊ မြို့ဦးစာသင်တိုက်၊ မြဝတီရပ်ကွက်၊ နေပြည်တော်တပ်ကုန်း၊ မန္တလေးတိုင်း

၂၀။ ဘဒ္ဒန္တဣန္ဒက၊ အတွင်းပြင်သစ်ကျောင်း၊ အတွင်းပြင်ရွာ၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်

၂၁။ ဘဒ္ဒန္တကောသလ္လ၊ ကံဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း

၂၂။ ဘဒ္ဒန္တသောဘန၊ သိဒ္ဓိနန္ဒာကျောင်းတိုက်၊ အမှတ်(၅)၊ ဘ/က၊ ပရဟိတ၊ မြို့သစ်(က+ခ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

၂၃။ ဘဒ္ဒန္တဝရာလင်္ကာရ၊ အောင်ရာမြေပရိယတ္တိစာသင်တိုက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၄။ ဘဒ္ဒန္တကေလာသ၊ ပဏ္ဍိတာရာမကျောင်းတိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၈၉–ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၅။ ဘဒ္ဒန္တကောဏ္ဍည၊ မြောင်းမြကျောင်း၊ ရွှေကြက်ယက်ကျောင်းတိုက်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၆။ ဘဒ္ဒန္တဝိဇ္ဇောတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုတပ်ဦးကျောင်းတိုက်၊ ပန်ဆန်းမြို့၊ ‘ဝ’ဒေသ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

၂၇။ ဘဒ္ဒန္တဥတ္တမ၊ သီရိမင်္ဂလာကျောင်းတိုက်၊ ဝိန်းကောင်မြို့၊ ပန်ဆန်းမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၂၈။ ဘဒ္ဒန္တကုသလ၊ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၂၉။ ဘဒ္ဒန္တဝိမလဘိက္ခု၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ နားစံကျေးရွာ၊ မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်

၃၀။ ဘဒ္ဒန္တအာသဘ၊ ရန်ကုန်ကျောင်းတိုက်၊ ချမ်းအေးသာဇံရပ်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း

သီလရှင်ဆရာကြီးများ

၃၁။ ဒေါ်ယုစန္ဒာ၊ ထေရဝါဒဗုဒ္ဓသာသနာပြု စန္ဒာရာမသီလရှင်ကျောင်းတိုက်၊ ကျွန်းတောရပ်၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်

၃၂။ ဒေါ်ဓမ္မာရီ၊ မဟာဗိုလ်ပရိယတ္တိ သီလရှင်စာသင်တိုက်၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

၃၃။ ဒေါ်ရူပထေရီ၊ ဇေယျဝတီကျောင်း၊ ဆံတော်ရှင်တိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း

ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး

၃၄။ မဟာဥပါသိကာ ဒေါက်တာဘွန်ကော့ထ်ဆီထီပေါလ်၊ အပြည်ပြည်ဆိုင်ရာဝိပဿနာရိပ်သာ၊ ဒန်မဟာပွန်ကိုးလ်၊ ကန်ချနပူရီမြို့၊ ထိုင်းနိုင်ငံ

လှူပုဂ္ဂိုလ်

၃၅။ ဦးဖရားထမ်း အမှတ်(၁၆/၁၁၇)၊ ခိုလောင်းလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

ပြည်ပလှူပုဂ္ဂိုလ်

၃၆။ Dr.Ravindra Panth၊ Nava Nalanda Mahavihara Nalanda 803111, Bihar အိန္ဒိယနိုင်ငံ

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီလာစာရ၊ အောင်တော်မူကျောင်း၊ လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တကေသရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒိုက်ဖားကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တနန္ဒမာလာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သတ္တဗလူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၄။ ဘဒ္ဒန္တနန္ဒိယ၊ ငွေတောင်ရွာသစ် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖရူးဆိုမြို့နယ်၊ ကယားပြည်နယ်

၅။ ဘဒ္ဒန္တသြဘာသဉာဏ၊ ဒေါဘူးကူးသာသနာပြုဌာန၊ ဒေါဘူးကူးကျေးရွာ၊ ဒီမောဆိုးမြို့နယ်၊ ကယားပြည်နယ်

၆။ ဘဒ္ဒန္တဣန္ဒရံသီ၊ မြို့တော်ဦး ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရပ်ကွက်(၄)၊ သံတောင်မြို့၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၇။ ဘဒ္ဒန္တတိက္ခဉာဏ၊ လုံပီးတောရကျောင်း၊ လုံပီးကျေးရွာ၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်

၈။ ဘဒ္ဒန္တဓမ္မိက၊ ရှစ်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရှစ်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၉။ ဘဒ္ဒန္တဝိသာရဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ချွန်ကျုံးကျေးရွာ၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်

၁၀။ ဘဒ္ဒန္တဣန္ဒာဝုဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်

၁၁။ ဘဒ္ဒန္တနန္ဒောဘာသ၊ အမှတ်(၁) ဘ/ကကျောင်း၊ ရွှေသိမ်တော်ကျောင်းတိုက်၊ ညောင်ပင်ကန်ကျေးရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း

၁၂။ ဘဒ္ဒန္တဒီပသာရ၊ အောင်မြင်ဘ/ကကျောင်း၊ နမောကျေးရွာအုပ်စု၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်း

၁၃။ ဘဒ္ဒန္တပဏ္ဍိတ၊ ရွှေဂူအရှေ့ ဘ/ကကျောင်း၊ ရွှေကူအုပ်စု၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်း

၁၄။ ဘဒ္ဒန္တနန္ဒမာလာ၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု ဘ/က ပညာရေးကျောင်း၊ ဆပ္ပလော်ကျေးရွာ၊ လဟယ်မြို့နယ်၊ စစ်ကိုင်းတိုင်း

၁၅။ ဘဒ္ဒန္တလာသန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကချင်စုကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်း

၁၆။ ဘဒ္ဒန္တယသဉာဏ၊ ရွာလယ်တိုက်ကျောင်း၊ သရက်နှစ်ခွကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း

၁၇။ ဘဒ္ဒန္တစန္ဒိမာ၊ အမှတ်(၈)ဘ/ကကျောင်း၊ ဓမ္မရတနာကျောင်းကြီး၊ ဇောင်းတူကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း

၁၈။ ဘဒ္ဒန္တစန္ဒောဘာသ၊လေးမိုင်ရွာဦးကျောင်း၊ လေးမိုင်ကျေးရွာ၊ ဆိပ်ဖူးတောင်ကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း

၁၉။ ဘဒ္ဒန္တဇဋိလသာရ၊ ဓမ္မသုခိ(ကန်ငယ်)ကျောင်းတိုက်၊ ကန်ငယ်ကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၂၀။ ဘဒ္ဒန္တလာဘာလင်္ကာရ၊ မောင်းထောင်တောရကျောင်းတိုက်၊ နွယ်ချို(၁+၂) ရပ်ကွက်၊ ၂၁ လမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

(ဆက်လက်ဖော်ပြပါမည်)

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၈
၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်-

(ယမန်နေ့မှအဆက်)

စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)(အဆက်)

၂၂။ ကြည်း ၂၇၀၀၀၊ ဗိုလ်ကြီးဝင်းခိုင်၊ ယာယီဌာနခွဲမှူး၊ အမှတ်(၄) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန

၂၃။ ဦးအောင်စိုး ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂၄။ ဦးမြင့်စိုး လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂၅။ ဦးရန်အောင် ဒုတိယစက်ရုံမှူး၊ ဆေးဝါးစက်ရုံ(အင်ရောင်း) မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၂၆။ ဦးမြင့်ရွှေ စက်ရုံမှူး၊ အဆင့်မြင့် မီးခံအုတ်စက်ရုံ(ကျောက်ဆည်) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၂၇။ ဦးအောင်သန့် လက်ထောက်စက်ရုံမှူး၊ မီးခံဘိလပ်မြေပြားစက်ရုံ (မှော်ဘီ)၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၂၈။ ဦးမော်ဟိန်း စက်ရုံမှူး၊ သဘော်ဆေးစက်ရုံ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၂၉။ ဦးအေးကျော် အလုပ်ရုံခွဲမှူး(စီမံရေး)၊ ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃၀။ ဦးတင်လှိုင် အလုပ်ရုံစိတ်မှူး၊ စွပ်ကျယ်စက်ရုံ(ကျောက်ဆည်)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃၁။ ဦးမောင်ဌေး မန်နေဂျာ၊ အမှတ်(၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန

၃၂။ ဦးကိုကို အင်ဂျင်နီယာမှူး(လွန်တူး)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၃၃။ ဦးအေးကို အငယ်တန်းအင်ဂျင်နီယာ(၁)(လွန်တူး)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၃၄။ ဦးဝင်းမော် ကျွမ်းကျင်သူ၊ ဝန်ကြီးရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန

၃၅။ ဦးစိုးဝင်းမောင် အမှုဆောင်အင်ဂျင်နီယာ(ခ)(ဆောက်လုပ်ရေး)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဇီးဖြူတောင်ရေနံအစမ်းတွင်းစခန်း၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန

၃၆။ ဦးခင်မောင်ဌေး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၃၇။ ဦးနေမျိုးဝင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ အမှတ်(၂) တည်ဆောက်ရေး၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၃၈။ ဒေါ်တင်မြင့် ဒုတိယအင်ဂျင်နီယာချုပ်၊ စီမံကိန်းညွှန်ကြားရေးမှူး၊ အထူးဖွံ့ဖြိုးရေးစီမံကိန်း (အလယ်ပိုင်း)၊ နေပြည်တော်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၃၉။ ဦးမြညွှန့် အလုပ်ရုံမှူး၊ ပုံဖိပုံထောင်းအလုပ်ရုံ၊ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ၊ စစ်ကိုင်းတိုင်း

၄၀။ ဦးကျော်စိုးဝင်း "ကျော်သစ္စာ "လယ်ယာသုံးစက်ပစ္စည်းမျိုးစုံနှင့်သံနန်းဆွဲစက်မှုလုပ်ငန်း၊ အမှတ်(၁၃၉)၊ (၄)လမ်းမကြီး၊ အမှတ်(၇)ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း

၄၁။ ဦးမောင်မောင်ဝင်း "ဝင်း"မိသားစုဆန်စက်၊စပါးခွံ ဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားနှင့် စပါးအခြောက်ခံစက်၊ အမှတ် (စီ-၈) နဝရတ်လမ်း၊ ဘုရားချောင်း စက်မှုဇုန်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း

၄၂။ ဦးဇော်မျိုးကြည် "မြသီတာ" ဆန်စက်၊ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားနှင့် စပါးအခြောက်ခံစက်၊ အမှတ်(၁၅)၊ (၅)လမ်း၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း

၄၃။ ဦးကိုကိုနိုင် "မနောသုခ" ဆန်စက်၊ ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း

စီမံထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး

၂။ ဗိုလ်မှူးကြီးသန့်ရှင်း ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး

၃။ ကြည်း ၁၄၀၀၁၊ ဗိုလ်ချုပ်လှရွှေ တွဲဖက်စစ်ရေးချုပ်၊ စစ်ရေးချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

၄။ ကြည်း ၁၃၀၈၅၊ ဗိုလ်ချုပ်ခင်မောင်ထွန်း တွဲဖက်စစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

၅။ ကြည်း ၁၂၇၅၆၊ ဗိုလ်ချုပ်ထင်အောင်ကျော် တွဲဖက်စစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

၆။ ဦးအုန်းသန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၇။ ဦးသိန်းအောင် ညွှန်ကြားရေးမှူးချုပ်၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၈။ ဦးညွှန့်အောင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၉။ ဦးအေးမောက် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၁၀။ ဦးအောင်ကြည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန

၁၁။ ဒေါ်မျိုးနွယ် ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၁၂။ ဦးအုန်းကျော် ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၁၃။ ဦးအောင်မျိုး ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၁၄။ ဦးဆန်းထွန်း ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၁၅။ ဦးလှမိုး ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန

၁၆။ ဦးတင်ဦးလွင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ကိုလံဘိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၇။ ဦးအောင်ခင်စိုး သံအမတ်ကြီး၊ မြန်မာသံရုံး၊ ခတ္တမန္ဒူမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၈။ ဦးစိုးနွယ် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၁၉။ ဦးညွှန့်လှိုင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၂၀။ ဦးမင်းသိန်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ မော်စကိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၂၁။ ဦးအောင်သိမ်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဟန္ဓိုင်းမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၂၂။ ဦးကျော်ကျော် ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၂၃။ ကြည်း ၁၃၉၀၁၊ ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၄။ စ/၀၀၀၁၊ ဦးအောင်စောဝင်း ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၅။ က/၃၆၆၃၊ ဦးဇော်ဝင်း ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၆။ ဒေါက်တာကိုကိုဦး ညွှန်ကြားရေးမှူးချုပ်၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၂၇။ ဒေါက်တာနီလာသိန်း ပါမောက္ခချုပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၂၈။ ဦးမောင်မောင်ခင် ပါမောက္ခချုပ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

၂၉။ ဒေါက်တာတင်ဝင်းမောင် ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

၃၀။ ဒေါက်တာသန်းမြင့် ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

၃၁။ ဒေါက်တာထွန်းနိုင်ဦး ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ ကျန်းမာရေးဝန်ကြီးဌာန

၃၂။ ဒေါက်တာသိန်းထွန်း ညွှန်ကြားရေးမှူးချုပ်၊ (အငြိမ်းစား)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန

၃၃။ ဦးမောင်မောင်သန်း ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးတင်ဝင်း ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန၊ တရားရုံးချုပ် (မန္တလေး)

၂။ ဒေါ်အေးအေးကြည်သက် ညွှန်ကြားရေးမှူး၊ ထောက်ပံ့ရေးနှင့်ငွေစာရင်းဌာန၊ တရားရုံးချုပ်(နေပြည်တော်)

၃။ ဦးဝင်းမြင့် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး(နေပြည်တော်)

၄။ ဒေါ်အေးအေးကြည် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး(နေပြည်တော်)

၅။ ကြည်း ၁၃၀၇၃၊ ဗိုလ်မှူးကြီးကျော်ညွှန့် ဒုတိယညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

၆။ ရေ ၃၃၄၂၊ ဗိုလ်မှူးကြီးမြင့်ထွန်း စစ်ဦးစီးစက်မှုလက်မှုအရာရှိချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာန

၇။ ဦးအောင်တင်မြင့် ဒုတိယညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၈။ ဒေါ်တင်မြင့်ဦး ညွှန်ကြားရေးမှူး(ကုန်ကြမ်း)၊စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၉။ ဒေါ်ခင်မူမူ အထွေထွေမန်နေဂျာ(ကုန်ထုတ်)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၁၀။ ဒေါက်တာမောင်မောင် စက်ရုံမှူး၊ ဆေးဝါးစက်ရုံ(အင်ရောင်း)၊မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၁၁။ ဒေါက်တာမြင့်စိန် စက်ရုံမှူး၊ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၁၂။ ဦးထင်ကျော် စက်ရုံမှူး၊ ပန်းကန်နှင့် ကြွေပြားစက်ရုံ၊(သာယာဝတီ) မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၁၃။ ဦးအောင်သိန်းမြင့် စက်ရုံမှူး၊ သရက်ဘိလပ်မြေစက်ရုံ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၁၄။ ဦးဇော်ဝင်း စက်ရုံမှူး၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန

၁၅။ ဦးခင်မောင်ဘ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဝန်ကြီးရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၁၆။ ဒေါ်လှဲ့လှဲ့သိန်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၁၇။ ဦးခင်မောင်ဇော် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၁၈။ ဦးကျော်ဇော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၁၉။ ဦးအေးကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၂၀။ ဒေါ်ဥမ္မာစိန် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၂၁။ ဦးစောဦး အထွေထွေမန်နေဂျာ၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန

၂၂။ ဦးသန့်ကျော် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၂၃။ ဦးမင်းလွင် ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

၂၄။ လ ၁၆၆၅ ရဲမှူးချုပ်ဇော်ဝင်း ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၅။ လ ၁၆၆၈ ရဲမှူးချုပ်ခင်မောင်စီ ရဲဦးစီးအရာရှိချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၆။ လ ၁၆၅၄ ရဲမှူးချုပ်စိုးဝင်းမြင့် ရဲရေးချုပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၇။ လ ၁၆၁၁ ရဲမှူးချုပ်ဝင်းစိုး ရဲထောက်ချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၈။ လ ၁၆၅၆ ရဲမှူးချုပ်သန်းဟန် ကွပ်ကဲရေးမှူး၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၉။ လ ၁၅၁၆ ရဲမှူးချုပ်မြင့်သိန်း သတင်းတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၃၀။ လ ၁၆၃၇ ရဲမှူးချုပ်သိန်းတင့် ကျောင်းအုပ်ကြီး၊ ရဲဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၃၁။ လ ၅၆၁၄၁ ရဲမှူးကြီးစစ်အေး ဌာနမှူး၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၃၂။ လ ၅၆၄၆၆ ရဲမှူးကြီးအုန်းမြင့် ဒုတိယ မှုခင်းတပ်ဖွဲ့မှူး၊ မှုခင်းတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၃၃။ ဦးခင်မောင်သိန်း (ပ/၄၇၂၃) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊

၃၄။ စ/၀၀၀၂ ဦးရဲမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၃၅။ က/၃၅၆၅ ဦးဇော်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၃၆။ ဦးဝင်းသောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၃၇။ ဦးတင့်ဆွေ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

၃၈။ ဦးအောင်ထွန်းခိုင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၃၉။ ဒေါက်တာကေသီလွင် ဒုတိယပါမောက္ခချုပ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၄၀။ ဦးအောင်မြင့် ဒုတိယပါမောက္ခချုပ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

၄၁။ ဦးသန်းနွယ် ဒုတိယပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

၄၂။ ဦးတင်အောင် ဒုတိယကျောင်းအုပ်ကြီး၊ ဇန်းမော်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန

၄၃။ ဒေါက်တာကျော်မင်း ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန

၄၄။ ဦးအောင်မြတ်ကျော် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

(ဆက်လက်ဖော်ပြပါမည်)

နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံမာရသွန် ပြိုင်ပွဲကို နေပြည်တော်မြို့မဈေးရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကို စတင်တာလွှတ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၄

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ မာရသွန်ပြိုင်ပွဲကို ယနေ့ နံနက် ၅နာရီခွဲတွင် နေပြည်တော်မြို့မဈေးရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကို စတင်တာလွှတ်ပေးသည်။

မာရသွန်ပြိုင်ပွဲကို နေပြည်တော် မြို့မဈေးမှ ရန်မျိုးသန့်ဇင်လမ်း၊ အောင်နန်းမင်္ဂလာလမ်းမှတစ်ဆင့် မီးသတ်မျှော်စင်၊ ဓာတုဗေဒဓာတ်ပေါင်းစုစေတီတည်ရှိရာမှ ဇမ္ဗူကျက်သရေလမ်းအတိုင်း၊ ယင်းမှတစ်ဆင့် ဟိုတယ်ဇုန်၊ နေပြည်တော်လေဆိပ်သွားသည့် ရာဇာသင်္ဂဟလမ်းမှ ရန်ကုန်–မန္တလေး ကားလမ်းမအထိ၊ ထိုမှတစ်ဆင့် တာလှည့်၍ မြို့မဈေးနှင့် တောင်ညိုလမ်းဆုံ၊ ၎င်းမှ နေပြည်တော်အမှတ်(၁) ဘောလုံးကွင်းအထိ အသွားအပြန် ခရီး၂၆မိုင်ကို အလွတ်တန်းပြိုင်ပွဲနှင့် လူသစ်တန်းပြိုင်ပွဲဟူ၍ခွဲခြားပါဝင်ယှဉ်ပြိုင်စေခဲ့သည်။

ဆုများချီးမြှင့်

မာရသွန်အလွတ်တန်း (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုကို အားကစားဝန်ကြီးဌာနမှ မောင်ဇော်ဇော်လင်း၊ ဒုတိယဆုကို ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်စိုးနိုင်၊ တတိယဆုကို မန္တလေးတိုင်းမှ မောင်မြတ်ဆုအောင်တို့က လည်းကောင်း၊ မာရသွန်အလွတ်တန်း (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုကို ပြည်ထဲရေးဝန်ကြီးဌာနမှ မသီတာချို၊ ဒုတိယဆုကို ပြည်ထဲရေးဝန်ကြီးဌာနမှမယဉ်ယဉ်ထွေး၊ တတိယဆုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မခင်သန္တာဦးတို့ကလည်းကောင်း၊ မာရသွန်လူသစ်တန်း (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ မောင်ဝဏ္ဏလင်း၊ ဒုတိယဆုကို ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ မောင်ကျော်သီဟထွန်း၊ တတိယဆုကို အားကစားဝန်ကြီးဌာနမှ မောင်သဲမောင်တို့က လည်းကောင်း အသီးသီးဆွတ်ခူး ရရှိကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပြေးခုန်ပစ်ပြိုင်ပွဲ

ထို့အတူ နေပြည်တော် အမှတ်(၁) ဘောလုံးပြိုင်ကွင်း၌ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဝန်ထမ်းမိသားစု (အမျိုးသား၊ အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲများကို ကျင်းပသည်။ ပြေးခုန်ပစ်ပြိုင်ပွဲများဖြစ်သည့် မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀၊ ၁၅၀၀နှင့် ၅၀၀၀ အပြေးပြိုင်ပွဲများတွင် ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်းများ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၇ နာရီမှစတင်၍ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာအလယ်တန်း ကျောင်းများ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းတို့၌ အားကစားပြိုင်ပွဲများကို အသီးသီး ကျင်းပကြသည်။

ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ အဖြစ် မုန့်စားပြိုင်ပွဲ၊ ဝက်မျက်လုံးတပ်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ ခြေပူးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ စက်ဘီးအနှေးစီးပြိုင်ပွဲ၊ ဝတ်စုံရွေးပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ မုန့်ကိုက်သယ်ပြိုင်ပွဲ၊ ၇၅ မီတာ၊ မီတာ ၁၀၀ နှင့် မီတာ ၅၀အပြေးပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပရာ ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနအသီးသီးတို့မှဝန်ထမ်းမိသားစုများပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကျင်းပရာသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းမိသားစုများ၊ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစား ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့်အခြေခံပညာ အလယ်တန်းကျောင်းများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းမိသားစုများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (ယာပုံများ) (သတင်းစဉ်)

ခေါင်းအုံးရိုက်ပြိုင်ပွဲ

ကလေးငယ်များ အပြေးပြိုင်ပွဲ

အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ

အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ

နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု



ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့သည့် ကျော-ရေမျက်နီ ရထားလမ်းပိုင်းမှ ပုံညာတောင်ဥမင်ကို တွေ့ရစဉ်။

စဉ်	အမည်	လမ်းအရှည်	တည်နေရာ	ဖွင့်လှစ်သည့်နေ့
၁	**ရထားလမ်း**			
	- ကျော-ရေမျက်နီလမ်း	၇ မိုင်ခန့်	မကွေးတိုင်း ဂန့်ဂေါမြို့နယ်	၂၇-၁-၂၀၀၇
	- ဒိုက်ဦး-စစ်တောင်းလမ်း	၂၄ မိုင်	ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်	၂၀-၄-၂၀၀၇
	- နေပြည်တော်-မော်လမြိုင်-နေပြည်တော်အမြန်ခရီးစဉ်		မန္တလေးတိုင်း ပဲခူးတိုင်း မွန်ပြည်နယ်	၂၂-၄-၂၀၀၇
	- ကြီးနီ-ချောက်လမ်း	၄ ဒသမ ၃ မိုင်	မကွေးတိုင်း ချောက်မြို့နယ်	၂-၉-၂၀၀၇
	- မော်လမြိုင်-ရေး-မော်လမြိုင်လမ်း	၉၀ မိုင်	မွန်ပြည်နယ် တနင်္သာရီတိုင်း	၉-၉-၂၀၀၇
	- နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း(ဒွေးလမ်း)	၁၅၇ဒသမ၇၅မိုင်	မန္တလေးတိုင်း နေပြည်တော် ပျဉ်းမနားမြို့နယ်	၂၄-၁၁-၂၀၀၇
၂	**လေဆိပ်**			
	- ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်		ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်	၂၅-၅-၂၀၀၇
၃	**ဆိပ်ခံတံတား**			
	- ဖောင်တော်ကြီးဆိပ်ခံတံတား		ရခိုင်ပြည်နယ် စစ်တွေမြို့နယ်	၁၈-၂-၂၀၀၇

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်

နိုင်ငံတကာအဆင့်မီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

ဒိုက်ဦး-စစ်တောင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲ

မြန်မာ့မီးရထားက အသစ်ဖောက်လုပ်ခဲ့သည့် အရှည် ၂၄ မိုင်ရှိ ဒိုက်ဦး-စစ်တောင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲတွင် အမြန်ရထားတစ်စင်း စတင်ခုတ်မောင်းစဉ်။

၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု မှတ်တမ်း

ဖောင်တော်ကြီး ဆိပ်ခံတံတား

ရခိုင်ပြည်နယ် စစ်တွေ ဆိပ်ကမ်းရှိ ဖောင်တော်ကြီး ဆိပ်ခံတံတားကို အသစ် တည်ဆောက် ဖွင့်လှစ်ခဲ့ရာ ခရီးသွားလာမှုနှင့် ကုန်စည် ပို့ဆောင်မှု လုပ်ငန်းများ လွယ်ကူ ချောမွေ့နေပြီ ဖြစ်သည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်းထံမှပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် တရုတ်ပြည်သူများကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ တရုတ်နှင့် မြန်မာနိုင်ငံတို့သည် တောင်တန်းများနှင့် မြစ်များဖြင့် ဆက်နွယ်ကာ ရေမြေချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြကြောင်း၊ နှစ်နိုင်ငံပြည်သူများမှာလည်း ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးဖြင့် ခင်မင်ရင်းနှီးကြကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွား အတွက်လည်းကောင်း၊ အာရှဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေး အတွက်လည်းကောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိကြ ကြောင်း၊ တရုတ်နှင့်မြန်မာနိုင်ငံတို့ ဆက်ဆံရေးပိုမိုမြင့်တင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားလိုကြောင်း၊ မြန်မာနိုင်ငံပြည်သူများ တိုးတက်အောင်မြင်စေ ရန်နှင့် အဆွေတော်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုတောင်းအပ် ပါကြောင်း ဖော်ပြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် က အလားတူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ဦးစီးလွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် အဆွေတော် ၏ နိုင်ငံသားများအား ကျွန်ုပ်အနေဖြင့် နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ် ပါကြောင်း။

နှစ်နိုင်ငံချစ်ကြည်ရေးကို ရာစုနှစ်သစ်၏ လိုအပ်ချက်နှင့်အညီ တိုးမြှင့် ဆောင်ကြဉ်းရန် ဆန္ဒပြုအပ်ပါကြောင်း၊ ထို့အပြင် အဆွေတော်၏ ကျန်းမာ ပျော်ရွှင်မှုနှင့် မြန်မာနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ပြီး စည်ပင်ဖွံ့ဖြိုးစေရန် လည်း ဆန္ဒပြုအပ်ပါကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်နိုင်ငံ ဘုရင် မင်းမြတ် အာကီဟီတိုထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မြန်မာနိုင်ငံပြည်သူများအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ထို့အပြင် အဆွေတော်နှင့် ပြည်သူများ ကျန်းမာချမ်းသာကြစေရန်လည်း ဆန္ဒပြုပါကြောင်း ဖော်ပြ ထားသည်။

အိန္ဒိယသမ္မတနိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဗာပတေးထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကျွန်ုပ်အနေဖြင့်လည်းကောင်း၊ အိန္ဒိယပြည်သူများကိုယ်စားလည်းကောင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ရာစုနှစ်နှင့်ချီ၍ ချစ်ကြည်ရင်းနှီးသော၊ ပူးပေါင်းဆောင်ရွက်မှုအစဉ်အလာရှိသည့်နိုင်ငံများဖြစ်ကြကြောင်း၊မကြာသေးမီ နှစ်များအတွင်းက နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် ဆောင်ကြဉ်း နိုင်ခဲ့ပြီး နယ်ပယ်သစ်များသို့လည်း ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်နိုင်ခဲ့ ကြောင်း၊ ထို့အပြင် နှစ်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်များတွင် အကျိုးတူပူးပေါင်းကာ ဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ (ကြေးမုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry အမှူးပြုသော သံတမန်များနှင့် ၎င်းတို့၏ ခင်ပွန်းနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry အမှူးပြုသော သံတမန်များနှင့် ၎င်းတို့၏ ဇနီး၊ ခင်ပွန်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည် တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော် ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာသံတမန်အဖွဲ့ ခေတ္တနာယက ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးနှင့် ခင်ပွန်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စား လှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးမှ ပြည်နယ်နှင့်တိုင်း ဒေသညှိနှိုင်းရေးမှူးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာ စားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင် များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်နှင့် စစ်တုရင် ပြိုင်ပွဲများကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၇ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၃ရက်အထိလည်းကောင်း၊ မီးသတ်ဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်တိုင်းအတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၏ ပြေးခုန်ပစ်၊ အာလူးကောက်၊ မုန့်စား၊ ခြေသုံးချောင်း ထောက်၊ လက်ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်၊အပ်ထိုး၊ မာရသွန်၊ လွန်ဆွဲ၊ ခေါင်းအုံးရိုက်နှင့် ချောတိုင်တက်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းမှစ၍လည်းကောင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)အားကစားကွင်း၌ ကျင်းပပြီး အနိုင်ရရှိကြသူများအား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒို့အရေးသုံးပါး ဦးထိပ်ထား

ဒို့ပြည်ထောင်စု၊ ဒို့စုစည်းမည်
ဒို့လွတ်လပ်ရေး၊ ဒို့မြတ်လေးသည်
ဒို့တိုင်းရင်းသား၊ ဒို့များညီသည်
ဒို့ဆွေဒို့မျိုး၊ ဒို့အားကိုးသည်
ဒို့ဇာတိမာန်၊ ဒို့ထံရှိသည်
ဒို့ယဉ်ကျေးမှု၊ ဒို့ရေးရှုမည်
ဒို့စာဒို့ပေ၊ ဒို့ပိုင်စေမည်
ဒို့ထုံးဓလေ့၊ ဒို့ပျော်မွေ့မည်
ဒို့ရဲ့ဗီဇ၊ ဒို့မြင့်ကြမည်
ဒို့အချုပ်အခြာ၊ ဒို့သာပိုင်သည်
ဒို့တိုင်းဒို့ပြည်၊ ဒို့ကာကွယ်မည်
ဒို့ကိုခြောက်၍၊ ဒို့မကြောက်
ဒို့ကိုမြှောက်၍၊ ဒို့မမြောက်
ဒို့ကိုခွဲ၍၊ ဒို့မကွဲ
ဒို့အရေးသုံးပါး၊ ဦးထိပ်ထားလျက်
ဒို့များညီညီ၊ နိုင်ငံတည်။

* ပြည်ထောင်စုမပြိုကွဲရေး၊ ဒို့အရေး။
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒို့အရေး။
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒို့အရေး။

[နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်]

နိုင်မြင့်(တောင်သာ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅–၁–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ အရာတော်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း–၃)**
၁:၃၅ ၆။ စန္ဒရားလှုထွက် အမှတ်တရတေးများ
၂:၀၅ ၇။ **"ရအောင်ယူ မြဲအောင်ထိန်း" (ထွန်းထွန်းဝင်း၊ ညီညီနေနိုင်၊ ဆုမြတ်ရွှေစင်၊ သူသူဟံသာ) (ဒါရိုက်တာ–သက်တင်)**
၂:၂၅ ၈။ သတင်းအချက်အလက်နှင့် နည်းပညာ နယ်လှည့်ဟောပြောပွဲ (IT Caravan 2007) (ICT နည်းပညာဖြင့် စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ခြင်း)
၂:၃၅ ၉။ ပါဝင်နွဲပျော် နတ်တော်လရဲ့ စာအုပ်ဈေးရောင်းပွဲတော်
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
၅:၀၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၇:၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း–၁)**
၇:၄၀ ၁၃။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု(ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးမှုကဏ္ဍ)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း–၉)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

* **ကျောဖုံးမှ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဒေသခံ ပြည်သူများ အင်အား ၄၉၆၃ ဦးတို့ တက်ရောက်ကြသည်။

နိုင်ငံတော်အလံလွှင့်တင်

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများခြံရံလျက် နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နေရာယူ

ဆက်လက်၍ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ ၂၀၀၈ ခုနှစ် နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ရောက်ရှိလာကာ စင်မြင့်ပေါ်၌ နေရာယူသည်။

နိုင်ငံတော်သီချင်းတီးမှုတ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံတော်ကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ဖတ်ကြားသည်။

၂၀၀၈ ခုနှစ် နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် မြို့တော်ခန်းမ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားစဉ်။
(သတင်းစဉ်)

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပရာ တက်ရောက်လာကြသူများကို တွေ့ရစဉ်။
(သတင်းစဉ်)

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုကြပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ လူနေအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားကြပြီး ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်ကို တွေ့ရှိရသည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ လူနေအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားကြစဉ်။
(သတင်းစဉ်)

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ဆီးနှင်းများထူထပ်စွာကျနေသည်ကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှကောင်စီရုံးများ ပြန်မဖွင့်ရန် ရုရှားသတိပေး

မော်စကို ဇန်နဝါရီ ၄

ရုရှားနိုင်ငံတွင်း၌ ဖွင့်လှစ်ထားသော ဗြိတိသျှကောင်စီရုံးများအား ပိတ်ပင်ရန်ညွှန်ကြားထားသည်ကို မလိုက်နာဘဲ ဒေသဆိုင်ရာဗြိတိသျှကောင်စီရုံးများ ပြန်လည်ဖွင့်လှစ်ရန် ကြိုးစားခြင်းသည် စော်ကားမော်ကားပြုသည့် အပြုအမူပင် ဖြစ်သည်ဟု ရုရှားကရှုမြင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၃ရက်က ထုတ်ဖော်ပြောကြားသည်။

သံတမန်ရေးရာပြဿနာ

ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခြင်းသည် ရုရှားနှင့်ဗြိတိန်နိုင်ငံတို့အကြား သံတမန်ရေးရာပြဿနာမပြီးသေးကြောင်း ဖော်ပြလိုက်သည့်လက္ခဏာပင်ဖြစ်သည်ဟု ဆိုသည်။

ဗြိတိသျှသံရုံး၏ ယဉ်ကျေးမှုဌာနက ဖွင့်လှစ်ထားသော ဒေသဆိုင်ရာ ဗြိတိသျှကောင်စီရုံးများသည် အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ ဥပဒေစည်းကမ်းများအရ လိုက်နာရန်ရှိသည်များကို စောင့်ထိန်းရန် ပျက်ကွက်သည်ဆိုသော အကြောင်းပြချက်ဖြင့် ထိုရုံးများကို ပိတ်ပင်ရန် ရုရှားက ဒီဇင်ဘာ ၁၂ ရက်တွင် အမိန့်ထုတ်ခဲ့သည်။

သေဆုံးခဲ့

ရုရှားနိုင်ငံ၏ ထောက်လှမ်းရေး ဟောင်း အလက်ဇန္ဒားလက်ဖီနင်ကိုသည် လန်ဒန်တွင် ၂၀၀၆ခုနှစ် နိုဝင်ဘာလအတွင်းက သေဆုံးခဲ့သည်။

အငြင်းပွားသည့်ဂယက်

ထိုသေဆုံးမှုကိစ္စတွင် နှစ်နိုင်ငံ အပြန်အလှန် အငြင်းပွားသည့်ဂယက်၏ ရလဒ်အဖြစ် အထက်ပါသံတမန်ရေး ကန့်သတ်မှုများ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အိန္ဒိယမြောက်ပိုင်း၌ အအေးလှိုင်းကျရောက်၊ ၂၃ ဦး သေဆုံး

လပ်ခနောင်း ဇန်နဝါရီ ၃

အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် အအေးလှိုင်း ကျရောက်မှုကြောင့် ၂၃ ဦး ထက်မနည်း သေဆုံးရကြောင်း၊ သေဆုံးသူအများစုမှာ အိုးအိမ်မဲ့များဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဥတ္တရပရာဒေ့ရှ် ပြည်နယ်တွင် လွန်ခဲ့သည့် နှစ်ရက်အတွင်း အအေးလှိုင်းကျရောက်မှုကြောင့် ၁၂ ဦး သေဆုံးခဲ့ပြီး ဘီဟာပြည်နယ်တွင် လွန်ခဲ့သည့်လေးရက်အတွင်း ၁၁ ဦး သေဆုံးခဲ့ကြောင်း၊ ယင်းပြည်နယ်များတွင် အပူချိန်မှာ ရေခဲမှတ်နီးပါးသို့ ရောက်ရှိနေကြောင်း သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယမြောက်ပိုင်းပြည်နယ်များတွင် ဆောင်းဥတုအအေးဒဏ်ကို အဆိုးရွားဆုံး တွေ့ကြုံခံစားရသူများမှာ တဲအိမ်များ၊ ပုံကျရုပ်ကွက်များ၌ နေထိုင်သူများနှင့် အိုးအိမ်မဲ့များ ဖြစ်ကြသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်ဒေသများတွင် အပူချိန် ၃၅ ဒီဂရီ ဖာရင်ဟိုက်အထိ ကျဆင်းခဲ့သည်။ လာမည့်ရက်များတွင် အပူချိန် နောက်ထပ်ကျဆင်းနိုင်ကြောင်း ဥတ္တရပရာဒေ့ရှ် မိုးလေဝသဌာနက ဖော်ပြသည်။ ဒေသဆိုင်ရာ အာဏာပိုင်များက ဆင်းရဲနွမ်းပါးသူများအား စောင်များ ဝေငှပေးခဲ့သော်လည်း အလုံအလောက် ဝေငှပေးနိုင်ခြင်းမရှိဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကင်ဆာရောဂါကုဆေးရုံ၌ မီးလောင်မှုဖြစ်ပွား

လန်ဒန် ဇန်နဝါရီ ၄

ဗြိတန်နိုင်ငံ လန်ဒန်အနောက်တောင်ဘက်ရှိ ရွိုင်ရယ်မားစ်ဒင်ဆေးရုံ (ကင်ဆာရောဂါကုဆေးရုံ) အပေါ်ဆုံးထပ်တွင် ဇန်နဝါရီ ၂ရက်က မီးလောင်မှုဖြစ်ပွားရာ အတွင်းလူနာ ၇၉ဦးနှင့် ပြင်ပလူနာ အများအပြားကို အနီးဝန်းကျင်ရှိ ဆေးရုံများနှင့် အဆောက်အအုံများသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

မီးခိုးမွန်းကျပ်သည့်ဝေဒနာခံစားရသော မီးသတ်သမား နှစ်ဦးနှင့် လူနာတစ်ဦးတို့ကို အခြားဆေးရုံသို့ တင်ပို့ခဲ့ရပြီး အခြားဒဏ်ရာရရှိမှု မရှိချေ။ ယင်းဆေးရုံကို ၁၈၅၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကင်ဆာရောဂါ သုတေသနပြုခြင်းနှင့် ကုသခြင်းတို့၌ ကမ္ဘာပေါ်တွင် ပထမဆုံးဆေးရုံဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

လုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌရာထူး လစ်ဗျားလွှဲပြောင်းရယူ

ကုလသမဂ္ဂ ဇန်နဝါရီ ၄

လစ်ဗျားနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌရာထူးတာဝန်ကို အင်္ဂါနေ့တွင် လွှဲပြောင်းရယူလိုက်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံသည် ဘာကီနာဖာဆို၊ ကော်စတာရီကာ၊ ခရိုအေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်အတူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများအဖြစ် ၂၀၀၈ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နှစ်နှစ် သက်တမ်းတွင် တာဝန်ယူမည်ဖြစ်သည်။

လုံခြုံရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌရာထူးနေရာတွင် လစ်ဗျားနိုင်ငံ တာဝန်ယူရန် ယခင် ကြိုးပမ်းချက် နှစ်ကြိမ်စလုံး အမေရိကန်၏ ပိတ်ဆို့မှုနှင့် တွေ့ကြုံခဲ့ရသည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံသည် ဥက္ကဋ္ဌရာထူးနေရာကို အလှည့်ကျ တာဝန်ယူရမည်ဖြစ်သည်။

ကုလသမဂ္ဂတွင် လုံခြုံရေးကောင်စီသည် အခွင့်အာဏာပိုင်စိုးသည့် အဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။ လုံခြုံရေးကောင်စီသည် ကမ္ဘာတစ်ဝန်းသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့စေလွှတ်ခြင်းနှင့် ဒဏ်ခတ်အရေးယူရေး အမိန့်များ ချမှတ်ခြင်းတို့ ပြုလုပ်နိုင်သည်။

လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် မတူညီသည့် အချက်မှာ အလှည့်ကျအဖွဲ့ဝင်နိုင်ငံများသည် ဗီတိုအာဏာသုံးစွဲခွင့် မရှိခြင်းဖြစ်သည်။ သို့ရာတွင် လုံခြုံရေးကောင်စီ အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများအနက် နိုင်ငံခုနစ်နိုင်ငံ ပါဝင်သောအုပ်စုက လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပယ်ချခွင့်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားတွင် ရေလွှမ်း သေဆုံးသူ ၁၂၂ ဦးရှိ

ဂျကာတာ ဇန်နဝါရီ ၄

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် အင်္ဂါနေ့က ရေလွှမ်းမှု ထပ်မံဖြစ်ပွားခဲ့သဖြင့် သေဆုံးသူသို့မဟုတ် ပျောက်ဆုံးသူ စုစုပေါင်း ၁၂၂ဦးအထိ ရှိပြီဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဘန်ဂါဝမ်ဆိုလိုမြစ်ရေလျှံခဲ့ပြီး အင်ဒိုနီးရှား အလယ်ပိုင်းနှင့် ဂျာဗားကျွန်းတို့မှ လူ ၆၀၀၀၀ ကျော် အိုးအိမ်များကို စွန့်ခွာခဲ့ကြရသည်။ မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများလည်း ပေါ်ပေါက်ခဲ့သည်။ စိုက်ခင်းများ ရေလွှမ်းခံရပြီး ကားလမ်း၊ ရထားလမ်းများ အဆက်အသွယ် ပြတ်တောက်ခဲ့ရသည်။ ဂျကာတာနှင့် ဂျာဗားမှ ထွက်ခွာလာသည့် ရထားနှစ်စင်းသည် ဆက်လက်မသွားနိုင်တော့ဘဲ ရပ်ထားခဲ့ရသည်။

ဂျာဗားအလယ်ပိုင်းဒေသနှင့် အရှေ့ဂျာဗားပြည်နယ်များတွင် ၉၉ ဦးထက်မနည်း သေဆုံးပြီး ၂၂ဦး ပျောက်ဆုံးလျက်ရှိသည်။ ရေလွှမ်းမိုးမှု အခြေအနေသည် လာပွန်ဂမ်ခရိုင်အထိ ဆက်လက်ဖြစ်ပွားနေသည်။

ကယ်ဆယ်ရေး ဝန်ထမ်းများက ရဟတ်ယာဉ်များနှင့် ရော်ဘာလှေများ အသုံးပြုကာ စားနပ်ရိက္ခာများ ဖြန့်ဖြူးပေးလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျာမနီနိုင်ငံ ဘာလင်မြို့ တိရစ္ဆာန်ရုံအတွင်း ထိန်းသိမ်းစောင့်ရှောက်ထားသည့် ပိုလာဝက်ဝံငယ်ကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယသည် စက်မှုနိုင်ငံထူထောင်ရာတွင် အနောက်နိုင်ငံများ၏ပုံစံအတိုင်း ဆောင်ရွက်မည်မဟုတ်

နယူးဒေလီ ဇန်နဝါရီ ၄

ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် တာဝန်အရှိဆုံးဖြစ်သည်ကို သိရှိကြပြီးဖြစ်သည်။ သို့ဖြစ်၍ အိန္ဒိယနိုင်ငံအနေဖြင့် စက်မှုဖွံ့ဖြိုးသောနိုင်ငံ ထူထောင်ရာတွင် အနောက်နိုင်ငံများ၏ ပုံစံအတိုင်း လိုက်၍ဆောင်ရွက်မည် မဟုတ်ဟု အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ဇန်နဝါရီ ၃ရက်တွင် ပြောကြားသည်ကို ကိုးကား၍ သတင်းထုတ်ပြန်ရေးဌာနက ဖော်ပြသည်။

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေလောက်အောင် ဖြစ်ခဲ့ရသည့် စက်မှုနိုင်ငံကြီးများ၏ စက်မှုဖွံ့ဖြိုးရေးလမ်းကြောင်းဟောင်းအတိုင်း ကမ္ဘာ့နိုင်ငံများအနေဖြင့် လိုက်၍ လျှောက်လှမ်းရန်မဖြစ်နိုင်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက (၉၅)ကြိမ်မြောက် အိန္ဒိယသိပ္ပံကွန်ဖရင့်တွင် ပြောကြားခဲ့သည်။ ထိုကွန်ဖရင့်ကို အိန္ဒိယနိုင်ငံအရှေ့ပိုင်းကမ်းခြေရှိ ဗီစာခါပတ္တနာမြို့တွင်ကျင်းပသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတွင် စက်မှုနိုင်ငံကြီးများသည် တာဝန်အရှိဆုံးဖြစ်သည်။ သို့ဖြစ်၍ ပျက်စီးသွားခဲ့ရသော အခြေအနေကို ပြန်လည်ကုစားရန် ၎င်းတို့အနေဖြင့် တာဝန်ရှိသည့်အားလျော်စွာ အပြည့်အဝတာဝန်ယူသင့်ကြောင်း မန်မိုဟန်ဆင်းက ဆက်လက်ပြောကြားသည်။ အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းရွေးကောက်ပွဲတွင် အရွေးခံရသူ ၈၃ဦး မဲလိမ်သည်ဟုဆို

ဗန်ကောက် ဇန်နဝါရီ ၄

ထိုင်းနိုင်ငံ၌ ဒီဇင်ဘာ၂၃ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင်အနိုင်ရသူ အမတ်လောင်း ၈၃ဦးသည် မဲလိမ်သည်ဆိုသော တိုင်တန်းချက်ကိုရရှိသဖြင့်ရွေးကောက်ပွဲကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကော်မရှင်ဥက္ကဋ္ဌ အာပီချတ်ဆူခါဂနွန်က ဇန်နဝါရီ၃ရက်တွင် ပြောကြားသည်။

မည်သည့် အရွေးချယ်ခံ အမတ်လောင်းများ အတိုင်ခံရသည်ဟူသော အချက်ကို အမည်နှင့်တကွ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့သော် အတိုင်ခံရသူများ၏ ၈၀ ရာခိုင်နှုန်းနီးပါးမှာ ပြည်သူ့အာဏာပါတီ(ပီပီပီ)မှ ဖြစ်ကြောင်း အာပီချတ်က ပြောကြားသည်။ ပီပီပီပါတီသည် ယခုရွေးကောက်ပွဲ၌ အနိုင်ရရှိထားသော ပါတီလည်းဖြစ်သည်။

အတိုင်ခံရသော ရွေးကောက်ပွဲအနိုင်ရအမတ်လောင်းများသည် မဲလိမ်ကြောင်း တွေ့ရှိရပါက ၎င်းတို့အနိုင်ရမှုကို ပျက်ပြယ်ကြောင်း ကြေညာခံရမည်ဖြစ်သည်။ ထိုင်းလွှတ်တော်တွင် အမတ်နေရာပေါင်း ၄၈၀ရှိသည့်အနက် ပီပီပီပါတီသည် ၂၃၃ နေရာတွင် အနိုင်ရရှိထားသည်။ ထို့ကြောင့် ယင်းပါတီသည် အစိုးရအဖွဲ့ တရားဝင်ဖွဲ့စည်းနိုင်ရန် အမတ်နေရာခုနစ်နေရာသာ လိုအပ်သည်။ သို့ဖြစ်၍ ပီပီပီပါတီသည် ညွှန့်ပေါင်းအစိုးရအဖွဲ့နိုင်ရန် ရွေးကောက်ပွဲအနိုင်ရပါတီငယ်များနှင့် ညှိနှိုင်းလျက်ရှိသည်။ အမ်အင်အေ၊ရိုက်တာ။

ဘေနာဇီဘူတို လုပ်ကြံခံရမှုတွင် ထောက်လှမ်းရေးများနှင့်ပတ်သက်ခြင်းမရှိဟု မူရှာရက်ဖ်ငြင်းဆို

အစ္စလမ္မာဘတ် ဇန်နဝါရီ ၄

ပါကစ္စတန်နိုင်ငံ၏ အတိုက်အခံပါတီ ခေါင်းဆောင် ဘေနာဇီဘူတို လုပ်ကြံခံရသည့်ကိစ္စတွင် ပါကစ္စတန်ထောက်လှမ်းရေးများ နောက်ကွယ်မှ ပါဝင်နေသည်ဆိုသောကိစ္စမှာ ဟုတ်မှန်ခြင်းမရှိကြောင်း သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ဇန်နဝါရီ ၃ရက်တွင် ပြောကြားသည်။

ဘေနာဇီဘူတိုအနေဖြင့် လူထုစည်းဝေးပွဲသို့ မသွားသင့်ကြောင်း၊ သူမအား အစွန်းရောက်သမားများက အန္တရာယ်ပြုနိုင်ကြောင်းကို ပါကစ္စတန် ထောက်လှမ်းရေးက ကြိုတင်သတိပေးခဲ့သေးကြောင်း ၎င်းကပြောကြားသည်။

ဘေနာဇီဘူတိုသည် ဒီဇင်ဘာ ၂၇ရက်က ရာဝါပင်ဒီမြို့တွင် တိုက်ခိုက်ခံရသဖြင့် သေဆုံးခဲ့ရသည်။ ဤကိစ္စတွင် လုံခြုံရေးပိုင်းဆိုင်ရာ ပျက်ကွက်မှုနှင့် ပတ်သက်၍ အာဏာပိုင်များတွင် တာဝန်မရှိဟု မူရှာရက်ဖ်က ပြောကြားသည်။

ပြီးခဲ့သော သုံးလအတွင်းက လုံခြုံရေးဆိုင်ရာများနှင့် စစ်ဘက်ဆိုင်ရာများကို ဦးတည်တိုက်ခိုက်သောဗုံးခွဲမှုပေါင်း ၁၉မှုဖြစ်ပွားခဲ့သည်။ ထိုလုံခြုံရေးနှင့်စစ်ဘက် ထောက်လှမ်းရေးများကပင် ဘူတိုအားလုပ်ကြံမှု၌ ပါဝင်သည်ဆိုလျှင် အဆိုပါ စွပ်စွဲချက်သည် ရယ်ဖွယ်ကောင်းသောကိစ္စဖြစ်သည်ဟု မူရှာရက်ဖ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အလံတင်တပ်စုက ဦးဆောင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို လွှင့်တင်က ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းဖတ်ကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်များနှင့် မြို့နယ်များမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများပါဝင်သော စုစုပေါင်းအင်အား ၅၀၀၀ ကျော်တို့သည် နံနက် ၆ နာရီမှ စတင်၍ ပြည်သူ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ထို့အတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း တပ်ဖွဲ့ အသီးသီးတို့မှ အရာရှိစစ်သည်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ အခမ်းအနားကျင်းပရေး ဦးစီး ကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ် များနှင့် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ တိုင်းရင်းသား၊ တိုင်းရင်းသူများလည်း တက်ရောက်ကြသည်။ ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့သည် ပြည်သူ့လွှတ်တော်ဝင်းအတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်နေရာ၌ နေရာယူသည်။

ထို့နောက် ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း ရောက်ရှိလာကာ ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူသည်။

ဆက်လက်၍ တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြု တပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့် အတူ ပြည်သူလူထုကြီးသည် ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာ သွားကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အနှိုင်းမဲ့မိ"တရားတော်(အပိုင်း-၁) (ဆရာတော် အရှင်ဆန္ဒာဓိက)
၇း၅၀-၁း၅၀	နှစ်စဉ်မပျက်ဆင်ကာနွဲ့ မော်ကျွန်းမြို့ရဲ့ စာတော်ပြန်ပွဲ
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅-၂း၅၅	ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	Yangon Panorama [Aroma (Wellness Shopping Centre) ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနား]
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	သပ်ရပ်လှပအကွက်ဆင် ပန်းတနော်သင်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	ကလေးတို့အတွက်လက်ဆောင် (ပန်းပွင့်ကလေးခေါက်ကြရအောင်)
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	သူ၏အနုပညာနှင့် အလှသစ္စာတရား(စန္ဒရားလှထွတ်)
၁၁း၃၅-၅း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၂း၂၀-၆း၂၀	နိုင်ငံရပ်ခြားအတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာအရသာ[ဂရိစတိုင်(လ်)]
၁၂း၃၅-၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀	Teens Star (စိုးပြည့်သဇင်နှင့်တွေ့ဆုံခြင်း)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Bristol-Middlebrough	ESPN(Live)
	Ipswich-Portsmouth	Star Sports (Live)
၁၁း၄၀	Aston Villa-Man Utd	Star Sports (Live)

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) ၂၀၀၇ ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက်တွင် အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်က အမှာစကားပြောကြားသည်။ ထို့နောက် အလုပ်အမှုဆောင်အဖွဲ့က နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခြင်းတို့ကို ပြုလုပ်သည်။

ဆက်လက်၍ ၂၀၀၈-၂၀၀၉ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ မြင့်သောင်းတို့ ပါဝင်သော အလုပ်အမှုဆောင် အဖွဲ့ဝင် ၄၉ ဦးဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (က-ပ)

ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ဇန်နဝါရီ ၄ ရက်က ကျင်းပသည့် လွတ်လပ်ရေးနေ့ ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမရရှိသည့် (၇)ရပ်ကွက် (က)အသင်းအား မြို့နယ်အတွင်းရေးမှူး ဦးအောင်နိုင်က ဆုငွေကျပ်တစ်သိန်းနှင့် ဂုဏ်ပြုဒိုင်း ချီးမြှင့်စဉ်။ (၁၉)

ကုန်သည်စက်မှုအသင်းချုပ် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ပြန်ကြားရေးနှင့် သတင်းနည်းပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူး၍ Promised Land Trading Co. ၏ ပံ့ပိုးကူညီမှုဖြင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ (၄/၀၇-၀၉)ကို ဇန်နဝါရီ ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဂျပန်နိုင်ငံ Kobe University ၏ ညွှန့်ပါမောက္ခနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခ(အငြိမ်းစား) ဒေါက်တာတင်စိုးက "ဖွံ့ဖြိုးမှုသီအိုရီများနှင့် Globalization တို့နှင့် ဆက်စပ်၍ မြန်မာ့အစဉ်အလာ အယူအဆအချို့ကို စီးပွားရေးအရ အဓိပ္ပာယ်ဖွင့်ဆို သုံးသပ်ချက် ("An economic interpretation of some Myanmar traditional concepts in the context of Development Theory and Globalization") ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ အမှတ်(၄၂)၊ အောင်တော်မူလမ်းနေ ဦးစံတင်(ကျွမ်းကျင်သူ၊ရုံးအဖွဲ့မှူး-ငြိမ်း၊ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)-ဒေါ်ဖြူဖြူသန်း တို့၏ တစ်ဦးတည်းသောသား

မောင်ဝေဖြိုးစံတင်

B.C.Sc (Hons:) (Computer University, Yangon)
IDCS, IAD (NCC,UK)
M.C.Sc (City College, Newport International University, London, UK)

နှင့်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းမြို့၊ ဓမ္မပါလရပ်ကွက်၊ အမှတ် (၄၀၇)၊ ကမ်းနားလမ်းနေ ဦးအောင်ဇော်မြင့်-ဒေါ်အေးအေးဆွေတို့၏ ဒုတိယသမီး

မအေးသစ်သစ်မော်

B.C.Sc (Computer Science)

တို့သည်

နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်အရ လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်ဝေဖြိုးစံတင်-မအေးသစ်သစ်မော်

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးလက်တွေ့ ရောဂါဗေဒအဖွဲ့ ပဉ္စမအကြိမ် ညီလာခံဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးလက်တွေ့ ရောဂါဗေဒအဖွဲ့၏ ပဉ္စမအကြိမ် ညီလာခံ (5th Myanmar Pathologist Conference)ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်

မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ဆေးလက်တွေ့ရောဂါဗေဒအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအောင်ကြီးတို့ ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။ (သတင်းစဉ်)

သိမ်ဖြူလမ်း အမှတ် ၂၄၉ ရှိ မြန်မာနိုင်ငံ ဆရာဝန် အသင်းခန်းမ၌ ကျင်းပသည်။

ညီလာခံဖွင့်ပွဲသို့ မြန်မာနိုင်ငံဆရာဝန် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ခင်ပြုံးကြည်၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဘာသာရပ်ဆိုင်ရာအဖွဲ့များ၏ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ်မှ ရောဂါဗေဒ ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံရောဂါဗေဒ ဆရာဝန်များအဖွဲ့- အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူ ဆရာဝန်များနှင့် ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး ဆေးလက်တွေ့ရောဂါဗေဒအဖွဲ့ ဥက္ကဋ္ဌ၏သဝဏ်လွှာကိုပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ညွှန်ကြားရေးမှူးဒေါက်တာနေဝင်းကဖတ်ကြားသည်။

ထို့နောက် ဆေးလက်တွေ့ရောဂါဗေဒအဖွဲ့ ဧည့်ခံကြိုဆိုရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်မြင့် မြင့်လှက ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန် အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်နှင့် ဆေးလက်တွေ့ရောဂါ ဗေဒအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ အောင်ကြီးတို့က ဆေးနှင့်ဆေးပစ္စည်း ပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးပြီး ပြခန်းများကိုလှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ညီလာခံကိုကျင်းပရာ သက်ဆိုင်ရာပညာရှင်များက စာတမ်း ခုနစ်စောင်၊ Symposium၊ Mini-Symposium တစ်ခုစီနှင့် Case Discussion ငါးခုတို့ကို ဆွေးနွေး ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက် ဘော်စင်လမ်းသွယ် (၁)နေ ကွယ်လွန်သူမိဘ၊ အဘိုး၊ အဘွားများအား ရည်စူး၍ ဒေါ်လှမြင့်၊ ဦးအောင်ဝင်း၊ ဒေါ်ခင်အေးသူမိသားစုတို့က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးအုန်းကြိုင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကမ်းပြိုရပ်ကွက် မိုးကုတ်ဝိပဿနာ ကမ်းပြိုကျောင်းတိုက်အတွင်း တည်ဆောက်မည့် နှစ်ထပ်ယောဂီဆောင်အတွက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၁၀) ရပ်ကွက်နေ ဦးခင်ညို-ဒေါ်မြမြ မိသားစုတို့က မိုးကုတ်ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်တိလောက (ပွင့်ဖြူ) ရှေ့မှောက်၌ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ လက်ခံရယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း (မြကန်သာဆေးတိုက်)ဦးမြင့်သန်း-ဒေါ်ခင်ရီ မိသားစုက အလှူငွေကျပ် ၃၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

စိန့်ဂျော့ဂျက်(စ်)အထက(၃)သန်လျင်မြို့ ကျောင်းသားဟောင်းများအာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၄

သန်လျင်မြို့ စိန့်ဂျော့ဂျက်(စ်) ကျောင်းသား၊ ကျောင်းသူဟောင်းများ နှင့် အထက(၃)သန်လျင်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ဆဋ္ဌမအကြိမ်မြောက် အာစရိယဂုဏပူဇာသဘင်ပွဲကို ဇန်နဝါရီ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကြွရောက်ပါရန်နှင့်အလှူငွေများကို ဒေါက်တာခင်ဇော် ၀၅၆-၂၁၂၃၀၊ ၂၂၀၆၁၊ ဦးခင်ဝင်း ၀၉-၅၁ ၀၂၁၄၀၊ ဒေါက်တာထူးထူးကို ၀၉-၅၁ ၅၃၉၈၀ နှင့် ဦးနေဝင်း ၀၉-၉၉ ၂၀၄၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထကသုဝဏ္ဏ ၂၀၀၇-၂၀၀၈ပညာသင်နှစ်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကိုဇန်နဝါရီ ၃ရက်နံနက်၉နာရီက သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်၊အတွင်းရေးမှူး ဦးချစ်မျိုးနှင့်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းတာဝန်ခံ ဆရာမဒေါ်မြမြကြည်နှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အထကသုဝဏ္ဏသည် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်မြို့နယ်လုံး အောင်ချက်ပထမဆုရရှိခဲ့ပြီး အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ချီးမြှင့်သော ရန်ကုန်တိုင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းတိုးတက်မှုဒုတိယ ဆုရရှိခဲ့သည်။ (က-ပ)

Healthy Shop (Paris) မန်နေဂျင်းဒါရိုက်တာ ဦးမျိုးသွင်က King Director, Silver King Director နှင့် Gold King Director များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ ဒုတိယတန်းတွင် ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆုရ မောင်တင်မောင်စန်းအား ကျောင်းအုပ်ဆရာကြီးဦးစိုးတင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

Healthy Shop (Paris) နှစ်ပတ်လည်နေ့နှင့် အသင်းဝင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

Healthy Shop (Paris) အလှကုန်၏ မြန်မာ့ဈေးကွက်တွင် စတင်ဝင်ရောက်မှု တစ်နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် Jasmine နှင့်အထက် memberများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စာပေနှင့်စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့် Healthy Shop (Paris) အလှကုန် memberများ တက်ရောက်ကြသည်။ ရှေးဦးစွာ Chairman ဦးကျော်မင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး Rose member အသစ်များအားအဖွဲ့ဝင်ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်၍ Healthy Shop (Paris) တစ်နှစ်မြောက် မွေးနေ့ကိတ်မုန့်တွင် အဖွဲ့ဝင်များနှင့် အနုပညာရှင်များက စုပေါင်းလက်မှတ်ရေးထိုးကြကာ မွေးနေ့ရှင် memberများအား ဂုဏ်ပြုကြသည်။ ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးသွင်က King Director, Silver King Director နှင့် Gold King Director များအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးသွင်က အမှာစကားပြောကြားပြီး ကြွရောက်လာသောဧည့်သည်တော်များအား ကံစမ်းမဲဖောက် လက်ဆောင်ချီးမြှင့်၍ အသင်းဝင်များထဲမှ Jasmine Director များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင်
အသိယှဉ်
အစဉ်သတိ
အမြဲရှိ

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံကို ဇန်နဝါရီ ၁၆ ရက်မှ၂၂ရက်အထိအမှတ်(၂၄၉)သိမ်ဖြူလမ်းမင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ မြန်မာနိုင်ငံဆရာဝန် အသင်းရုံး၌ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး၊ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတည်းဟူသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် ငါးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၀၈ ခုနှစ် နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပသည်။

၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ် သူရ မြင့်အောင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ အစိုးရအဖွဲ့– အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး၊အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ တရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးမှ ပြည်နယ်နှင့်တိုင်း ဒေသညှိနှိုင်းရေးမှူးများ၊ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ လုပ်ငန်း အဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော် ပျဉ်းမနားခရိုင်၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းတို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ပညာရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနိုင်ပါသည်။